# မန္တလေး နေ့စဉ်

**The Mandalay Daily**

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၀၂)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်၊ ၂-၁၀-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူက အထင်ကြီးလေးစားပြီး ဂုဏ်ယူအားကိုးရသည့် စွမ်းရည်ရှိသည့် ရဲတပ်ဖွဲ့ဖြစ်စေရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းထမ်းဆောင်

## ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူက လေးစား အားကိုးရလောက်သည့် ဥပဒေဘက်တော်သားများ ဖြစ်လာစေရေး ကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၁

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ »»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ဒုတိယနေ့ ကောက်ယူနေပါသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂ ရက် ၊ ဗုဒ္ဓဟူးနေ့။

မန္တလေး နေ့စဉ်

## ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွင်း နှလုံးနှင့်နှလုံးသွေးကြောရောဂါများအပါအဝင် အခြားမကူးစက်နိုင်သောရောဂါများဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)ကိုရေးဆွဲပြီး ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်းတွင် နှလုံးနှင့် နှလုံးသွေးကြောရောဂါများကြောင့် နှစ်စဉ် လူဦးရေ ၂၀ ဒသမ ၅ သန်းကျော် သေဆုံးနေရပြီး သေဆုံးမှု၏ ၈၅ ရာခိုင်နှုန်းသည် ရုတ်တရက်နှလုံးရပ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းနှင့် လေဖြတ်ခြင်းတို့ကြောင့် သေဆုံးနေရခြင်းဖြစ်သည်ကို ကမ္ဘာ့နှလုံးကျန်းမာရေးဖက်ဒရေးရှင်း၏ အချက်အလက်များအရ သိရှိရကြောင်း၊ နှစ်စဉ် စက်တင်ဘာ ၂၉ ရက်တွင် ကျရောက်သည့် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့တွင် ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်များတွင် အထိမ်းအမှတ်အခမ်းအနားများ၊ လှုပ်ရှားမှုများကို ကျင်းပပြီး ပြည်သူလူထုအတွင်း နှလုံးကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာ မြင့်မားစေရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ "Use Heart for Action" ဖြစ်ပြီး နှလုံးအစဉ်ကျန်းမာဖို့ သိဉာဏ်ဆင်ခြင် ဆောင်ရွက်စို့ဟု မြန်မာဘာသာပြန်ဆိုထားပြီး ပြည်သူလူထုအတွင်း မိမိတို့နှလုံးကျန်းမာရေးအတွက် အသိဉာဏ်ဖြင့် ဆင်ခြင်ပြီး ရောဂါမဖြစ်အောင် အစဉ်သတိဖြင့် စောင့်ရှောက်နေထိုင်သွားရန်နှင့် မူဝါဒရေးဆွဲချမှတ်သူများအနေဖြင့်လည်း နှလုံးသွေးကြောရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းအတွက် ဦးစားပေးဆောင်ရွက်ကြရန် တိုက်တွန်းလိုခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသမှ ပြည်သူများ လက်လှမ်းမီစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိရာ ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါဆေးကုသမှုဆေးခန်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) Meeting Hall ၌ ကျင်းပသည့် (၂၀၂၄)ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးကုသမှုအတွက် လိုအပ်သော မကူးစက်နိုင်သော ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းသုံး အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများ ပြတ်လပ်ခြင်းမရှိအောင် ဝန်ကြီးဌာနမှ ရန်ပုံငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံဝယ်ယူဖြန့်ဖြူးပေးလျက်ရှိပြီး ကျန်းမာရေးဌာနများမှ နှလုံးနှင့် နှလုံးသွေးကြောရောဂါကာကွယ်ကုသရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိသကဲ့သို့ ပြည်သူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှုပုံစံကို အသိဉာဏ်ဖြင့် ဆင်ခြင်နေထိုင်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မိသားစုက (၃၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



**မန္တလေး အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ဖြနာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ သီလဝိဟာရီ ခန်းမှာရုံတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မဟာဝိဇိတာရုံကျောင်းတိုက် တိုက်အုပ် ရွှေခြံဆရာတော် အရှင်ယာနိက ရှေးဦးစွာ နမောတဿသုံးကြိမ်ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ရွှေခြံဆရာတော်အရှင်ယာနိကထံမှ အနုမောဒနာတရားနာယူကြသည်။ ထို့နောက် သံဃာတော်အရှင်သူ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်၊ ဇနီး ဒေါ်ခင်စောအေး၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ကျော်၊ ရဲဦးစီး (ပထမတန်း)၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ၄င်းတို့၏ဇနီးများ၊ မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။ မြတ်များထံ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ဇနီးတို့က ဝါဆိုသင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများဆက်ကပ်သည်။ ဆက်လက်၍ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက လှူဖွယ်များဆက်လက်ကပ်လှူကြပြီး ရေစက်ချ တရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်တို့အား အရဏ်ဆွမ်းဆက်ကပ်ကြကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**(၀၉၃)**

၀-၀-၀-၀-၀

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ရွှေဇဝါယွန်း(ရိုးရာ/ခေတ်မီ)ကာလတိုမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာ မနုဟာဘုရားကြီးအနောက်ဘက်ခမ်းမှာရုံ၌ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ရွှေဇဝါယွန်း(ရိုးရာ/ခေတ်မီ)ကာလတိုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီအချိန်က သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး၊ ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ရွှေဇဝါယွန်း(ရိုးရာ/ခေတ်မီ)မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ထပ်ဆင့်အမှာစကားပြောကြားသည်။ ထို့နောက် ရွှေဇဝါယွန်း(ရိုးရာ/ခေတ်မီ)မွမ်းမံသင်တန်းပို့ချမည့် ဘာသာရပ်နှင့်ပတ်သက်၍ သင်တန်းနည်းပြဆရာက ရှင်းလင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ(၁၅)ဦး တက်ရောက်မည်ဖြစ်ကာ သင်တန်းကာလမှာ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါသင်တန်းဖွင့်ပွဲသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သင်တန်းဆရာနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၈၁)**

## ပုသိမ်ကြီးမြို့နယ်တွင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခြင်းများ စတင်ဆောင်ရွက်



**ပုသိမ်ကြီး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းများကို ယနေ့ နံနက်ပိုင်းက စတင်ကာ မြို့နယ်အတွင်း သက်ဆိုင်ရာအဖွဲ့များဖြင့် စာရင်းကောက်ယူလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ သန်းခေါင်စာရင်းကောက်ယူခြင်းများကို မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဦး၏ ဦးဆောင်မှုဖြင့် ကော်မတီဝင်များလိုက်ပါလျက် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး၊ မြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူခြင်းများကို အဖွဲ့ ၄၅ဖွဲ့၊ စာရင်းစစ်၊ စာရင်းကောက် (၂၁၇)ဦးတို့ဖြင့် မြို့ပေါ်ရပ်ကွက်ကြီး တစ်ခု၊ ကျေးရွာအုပ်စု ၄၉ စု၊ ကျေးရွာပေါင်း ၁၁၈ ရွာကို စာရင်းကောက်ယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးကျော်မင်းထွန်းထံက သိရသည်။

**(၀၉၅)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

»»» ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက် လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရ ဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ တော်လှန်ရေးကောင်စီခေတ် ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် **"ပြည်သူ့ရဲတပ်ဖွဲ့"** ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့အဖြစ်လည်း စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ **"မြန်မာနိုင်ငံရဲတပ်ဖွဲ့"** ဟုပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ ယခုအခါ နှစ်(၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ဒို့တာဝန် အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်အောင်မြင်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရေးတို့ကို အလေးထားဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း ပြည်သူနှင့်အတူလက်တွဲပြီး ဆောင်ရွက်ရန် အလေးထား မှာကြားလိုကြောင်း။

ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်း သာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် **ပြစ်မှုများမဖြစ်ပွားအောင်ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထု လုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန် (၆)ရပ်ကို**လည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို တားဆီးနှိမ်နင်းရာတွင် သတင်းလက်ဦးမှုရယူ ဆောင်ရွက်နိုင်ရေးအတွက် အိမ်နီးချင်းငါးနိုင်ငံနှင့်အတူ နယ်စပ်ဆက်ဆံရေးရုံးများ (Border Liaison Offices-BLOs) ကွန်ရက်စနစ်တည်ထောင်ပြီး သတင်းအချက်အလက်များကို အချိန်နဲ့တစ်ပြေးညီ အပြန်အလှန် မျှဝေဖလှယ်နိုင်ရေးအတွက် BLO အစည်းအဝေးများကိုလည်း အခါအားလျော်စွာ စဉ်ဆက်မပြတ်ကျင်းပပြုလုပ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံပေါင်း ၂၈ နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ၅၄၄၃၃ ဦးတို့ကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အနီးကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ **စာမျက်နှာ ၄ သို့ »»»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၃ မှ

၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအထူးစစ်ဆင်ရေး"Operation 39/24 (2024)" ကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် အမှုပေါင်း ၃၈၃၂ မှု၊ တရားခံ ၅၂၈၆ ဦး စုစုပေါင်း တန်ဖိုးငွေကျပ်ဘီလီယံ ၇၅၀ ကျော်ရှိသည့်မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း။

## လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေသစ်ကို ပြဋ္ဌာန်းပေးခဲ့

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုများကို ထိရောက်စွာ အရေးယူနိုင်ရန် ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေသစ်ကို ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ လူကုန်ကူးမှု ၂၇ မှုမှ တရားခံ ကျား ၃၀၊ မ ၆၆ ဦး စုစုပေါင်း ၉၆ ဦး အရေးယူနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ကျား ငါးဦး၊ မ ၄၄ ဦး စုစုပေါင်း ၄၉ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ဒေသတွင်း လူကုန်ကူး မှုခင်းများနှင့် လူမှောင်ခိုမှုများ တားဆီးနှိမ်နင်းရေးစီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်ဖွဲ့ဝင်များ၏တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အလေးထား အသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်များကို စိစစ်ချီးမြှင့်ပေးလျက်ရှိကြောင်း၊ မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစား အသိအမှတ်ပြုသည်ကို ပြောကြားလိုကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်များကို ချီးမြှင့်ခဲ့ရာတွင် ရဲသူရတံဆိပ် ၁၀ ဦး၊ ရဲဇလတံဆိပ် ၁၃၂ ဦး၊ ရဲကျော်သူ တံဆိပ် နှစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယအဆင့်) တစ်ဦး၊ ရဲမှုထမ်းကောင်း တံဆိပ် ၃၈၉ ဦး၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ၇၈၆ ဦး၊ မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် ၂၇၆၅ ဦး၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် ၆၇ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ် ၅၇ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ၅၆၄၂ ဦး စုစုပေါင်း ၉၈၅၁ ဦးကို ချီးမြှင့်ပေးခဲ့ကြောင်း။

ပြည်ထောင်စု တစ်ဝန်းလုံး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံတည်ငြိမ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းပြီး ပြစ်မှုကျူးလွန်မှုမရှိအောင် ကြိုတင်ကာကွယ်ရေး၊ ပြစ်မှုကျူးလွန်ပါကလည်း တရားခံများကို ချက်ချင်းစုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး ပြစ်မှုအလိုက် ထိရောက်သည့် ပြစ်ဒဏ်ကျခံနိုင်ရေးတို့ကို တရားဥပဒေနှင့်အညီ စီမံဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ကြောင့် သစ္စာ၊ သမာဓိ၊ သတ္တိ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူက အထင်ကြီးလေးစားပြီး ဂုဏ်ယူအားကိုးရသည့် စွမ်းရည်ရှိသည့် ရဲတပ်ဖွဲ့ဖြစ်စေရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့်ကြိုးပမ်းထမ်းဆောင်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဆိုသည့် မျှော်မှန်းချက်များနှင့် တည်ဆောက်ရာတွင် အဖွဲ့အစည်းကောင်း တစ်ခု၏ အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရေး၊ စွမ်းရည်ပြည့်ဝရေးနှင့် တာဝန်ကျေပွန်ရေးစသည်များကို စဉ်ဆက်မပြတ်ဆက်လက်ခံယူလေ့ကျင့် ဆောင်ရွက်သွားကြရန်၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင်လည်း ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုနှင့် ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူက လေးစားအားကိုးရလောက်သည့် ဥပဒေဘက်တော်သားများဖြစ်လာစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေး (၃) ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရည်မှန်းချက်တာဝန် (၄)ရပ်နှင့် လုပ်ငန်းတာဝန် (၆) ရပ်တို့ကို အောင်မြင်အောင် ကြိုးစား အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင် တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် လေးဦးကိုလည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် သုံးဦးကိုလည်းကောင်း၊ ကောင်စီဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူ တပ်ဖွဲ့ဝင် နှစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ရရှိသူ တပ်ဖွဲ့ဝင် တစ်ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ရုပ်လုံးရုပ်ကြွများ၊ တပ်ဖွဲ့/ဌာနများတွင် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊ နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ မူးယစ်ဆေးဝါး ရှာဖွေစစ်ဆေးရေးစက်များနှင့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

- ○ တပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အလေးထား အသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ပေးလျက်ရှိ
- ○ မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစား အသိအမှတ်ပြုသည်ကို ပြောကြားလို
- ○ ပြည်ထောင်စုတစ်ဝန်းလုံး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံတည်ငြိမ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းပြီး ပြစ်မှုကျူးလွန်မှုမရှိအောင် ကြိုတင်ကာကွယ်ရေး၊ ပြစ်မှုကျူးလွန်ပါကလည်း တရားခံများကို ချက်ချင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး ပြစ်မှုအလိုက် ထိရောက်သည့် ပြစ်ဒဏ်ကျခံနိုင်ရေးတို့ကို တရားဥပဒေနှင့်အညီ စီမံဆောင်ရွက်ကြရန်လို

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့်ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။





နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပစဉ်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

* စာမျက်နှာ ၂၄ မှ

လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား ၁၀ နှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan– MSDP) ကို အကောင်အထည် ဖော်ရာတွင် လိုအပ်သည့် အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကောက်ယူနေခြင်းဖြစ်ကြောင်း သိရှိရသည်။

၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်း ၄၁ ခုကိုသာ မေးမြန်းကောက်ယူခဲ့သော်လည်း ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းအချက်အလက်များ ပိုမိုပြီးပြည့်စုံစေရေးအတွက် မေးခွန်း ၂၇ ချက်တိုးမြှင့်၍ သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်း ၆၈ ခုကို မေးမြန်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**တိုးမြှင့်မေးမြန်းထား**

ထပ်မံ တိုးမြှင့်ကောက်ခံမည့် အချက်အလက်များမှ ထင်ရှားသောဥပမာအနေဖြင့် ပညာရေးကဏ္ဍတွင် ကျောင်းဆက်လက်မတက်ရောက်ရသည့် အဓိကအကြောင်းရင်း၊ အိမ်အကြောင်းအရာကဏ္ဍတွင် အမှိုက်စွန့်ပစ်မှုစနစ်၊ သန့်ရှင်းမှုစနစ် စသည်ဖြင့် တိုးမြှင့် မေးမြန်းထားသည်ကို တွေ့ရှိရပြီး ယင်းအချက်များမှာ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတို့တွင် အစိုးရမှမည်ကဲ့သို့ဖြည့်ဆည်းပေးရမည်ကို သုံးသပ်သည့်မေးခွန်းများဖြစ်သဖြင့် လက်တွေ့အသုံးဝင်သည့် အချက်အလက်များပင်ဖြစ်ကြောင်း၊ စာရင်းကောက်ယူသူများက နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေအိမ်များသို့ လာရောက်စာရင်းကောက်ယူမည်ဖြစ်ပြီး နေအိမ်များသို့ စာရင်းလာကောက်မည့်နေ့ကို ကြိုတင်အကြောင်းကြားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်း ပုံစံ (၆၆/၆)သို့မဟုတ် ပုံစံ(၁၀) ရှိခြင်း/မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိခြင်း/မရှိခြင်းနှင့် မသက်ဆိုင်ကြောင်း၊ တိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် မသက်ဆိုင်ကြောင်း၊ သန်းခေါင်စာရင်း ထည့်သွင်းမကောက်ရမည့် သူများမှအပ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိနေသူအားလုံးကို စာရင်းကောက်ယူမည် ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းအားဖြင့် သိရှိရသော ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အခွန်ကောက်ခံခြင်း၊ အရေးယူခြင်းတို့ကို လုံးဝပြုလုပ်မည် မဟုတ်ကြောင်း၊ သန်းခေါင်စာရင်း မေးခွန်းတွင် မေးမြန်းထားသော နိုင်ငံခြားသို့ ရောက်ရှိနေကြသော အိမ်ထောင်စုဝင်များ အတွက်လည်း စိုးရိမ်ရန်မလိုကြောင်းနှင့် မည်သို့မျှ အရေးယူမည်မဟုတ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ မိသားစုက သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။

* စာရင်းကောက်ယူသူများက နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေအိမ်များသို့ လာရောက်စာရင်းကောက်ယူမည်ဖြစ်ပြီး နေအိမ်များသို့ စာရင်းလာကောက်မည့်နေ့ကို ကြိုတင်အကြောင်းကြားမည်
* သန်းခေါင်စာရင်းကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆)သို့မဟုတ် ပုံစံ(၁၀) ရှိခြင်း/မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိခြင်း/မရှိခြင်းနှင့် မသက်ဆိုင်ကြောင်း၊ တိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့်မသက်ဆိုင်ကြောင်း၊ သန်းခေါင်စာရင်းထည့်သွင်းမကောက်ရမည့် သူများမှအပ သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိနေသူအားလုံးကို စာရင်းကောက်ယူမည်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၏မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၏ မိသားစုက သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခြဲဘူ ၂၀၂၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုအားပေး၊ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်

မြစ်ကြီးနား အောက်တိုဘာ ၁

မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခြဲဘူသည် ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့တွင် ကျင်းပသော သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် အခမ်းအနား၊ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့တက်ရောက်ပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုသည်။



ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့ နှင့်အတူ မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်အတွင်းရှိ အံ့တော်ရှင်တောင်တန်း သာသနာပြုကျောင်းတိုက်၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုစကားပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသည့် ဘိုး/ဘွားနှစ်ဦးစီအား ဂါရဝပြု ဂုဏ်ပြုလက်ဆောင်များနှင့် ဂုဏ်ပြုငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက အသက် ၈၀ နှင့် အထက် ဘိုး/ဘွား ၅၀ တို့ကို ဂါရဝပြုဂုဏ်ပြုလက်ဆောင်များနှင့် ငွေသားတစ်သိန်းစီကို ဂါရဝပြုပေးအပ်ကြရာ အဘိုးတစ်ဦးက ကျေးဇူးတင် ဆုတောင်းစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်း အတွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးက နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်ဇော်မိုးထံမှပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြား၍ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ရဲဗလဆုရ တပ်ဖွဲ့ဝင်များနှင့် ဆုရတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဗီဒီယိုကလစ် ဖွင့်လှစ်ပြသမှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်ထံ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂါရဝပြုလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသူများက နှစ်(၆၀)ပြည့် မြန်မာရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် တပ်ဖွဲ့ဝင်များ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ကင်းစင်ရေး အသိပညာပေး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် စီတာပူ (နောင်ရာ) ရပ်ကွက်အတွင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၏ နေအိမ်၌ ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ စာရင်းကောက်အဖွဲ့များ၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များကို Mobile Tablet ဖြင့် မေးမြန်းကောက်ယူဖြည့်စွက်ခြင်းကိုဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အတူ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်၊ နယ်မြေ(၁၂)အတွင်းရှိ ရွှေးနုတ်ကယ်တင်ခြင်း အသင်းတော်ဝင်း အတွင်း ယာယီခိုလှုံနေထိုင်လျက်ရှိသော ပြည်သူများအား သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် အဆိုပါစခန်းအတွင်း မိသားစုများ နေထိုင်စားသောက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ ထိခိုက်ဒဏ်ရာရသည့် မိသားစုဝင်နှင့် မသန်စွမ်းမိသားစုဝင်များအား ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့်အဖွဲ့သည် စီတာပူရပ်ကွက်အတွင်းရှိ မြန်မာနိုင်ငံဖိလဒေလဖိ (ပင်တေကုတ္တေ) အသင်းတော်ဘုရားကျောင်းဝင်းအတွင်း ယာယီခိုလှုံနေထိုင်လျက်ရှိသော မိသားစုများအား သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး သန်းခေါင်စာရင်းကောက်ယူရေး အဖွဲ့ဝင်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး အလှူရှင် ခုနစ်ဦးတို့၏ စုစုပေါင်း အလှူငွေကျပ် သိန်း ၂၂၀၀ လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုစစ်ဆေး

ပုသိမ် အောက်တိုဘာ ၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ပေါ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက်တွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသား ဘာသာရပ်သင် ဆရာ ဆရာမများက သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးပြီး အချက်အလက်များ မှန်ကန်စွာ ရေးသွင်းစေရေး၊ ပြည်သူများကလည်း မေးမြန်းချက်များအား ပြည့်စုံမှန်ကန်စွာ ဖြေကြားပေးနိုင်ရေး မှာကြားသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် အနောက်စုကြီးကျေးရွာသို့ သွားရောက်၍ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ ဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသား ဘာသာရပ်သင် ဆရာ ဆရာမများက သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးပြီး စာရင်းကောက်အဖွဲ့များ ဘာသာစကား အခက်အခဲမရှိစေရေးအတွက် အထောက်အကူပြုအဖွဲ့များမှ ကူညီဆောင်ရွက်ပေးနေမှုများ၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားခဲ့ပြီး တာဝန်ရှိသူများအား သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ ရပ်ကွက် ၃၀၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉၂၀ အုပ်စုရှိ အိမ်ထောင်စုကောက်ကွက်ပေါင်း ၁၄၂၉၆ ကွက်တွင် စာရင်းကောက်အဖွဲ့ပေါင်း ၁၀၂၂ ဖွဲ့၊ စာရင်းစစ် ၁၁၅၀၊ စာရင်းကောက် ၄၃၂၈ ဦး စုစုပေါင်း ၅၄၇၈ ဦးအပြင် အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသား ဘာသာရပ်သင် ဆရာ ဆရာမ ၄၂၆ ဦး၊ တက္ကသိုလ်များမှ ကထိက ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူ ၄၉ ဦး၊ ရပ်မိရပ်ဖများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အရံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် သန်းခေါင်စာရင်းကောက်ယူ ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

# ဘင်္ဂလားဒေ့ရှ် အမျိုးသားစီးပွားရေးအခြေအနေ တဖြည်းဖြည်း ပုံမှန်အတိုင်း ပြန်ဖြစ်လာပြီဟု ဆို

**ဒက္ကာ အောက်တိုဘာ ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အမျိုးသားစီးပွားရေးအခြေအနေ တဖြည်းဖြည်း ပုံမှန်အတိုင်း ပြန်ဖြစ်လာပြီဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က စက်တင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါအဖွဲ့မှ တာဝန်ရှိသူများ စက်တင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကွင်းဆင်းရောက်ရှိကာ လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်အပေါ်အခြေခံကာ ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။



စီးပွားရေးပုံမှန်ပြန်ဖြစ်နေပြီဆိုသော်လည်း လည်ပတ်စီးဆင်းမှုနှေးကွေးခြင်း၊ ငွေကြေးဖောင်းပွခြင်း၊ နိုင်ငံခြားအရန်ငွေ နည်းပါးခြင်းစသော စိန်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ထောက်ပြသည်။

ငွေကြေးမူဝါဒပြုပြင်ပြောင်းလဲခြင်း၊ အသုံးစရိတ်ထိန်းညှိခြင်းစသော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အဆိုပါအဖွဲ့က လိုအပ်သလို ထောက်ပံ့ကူညီသွားမည်ဖြစ်သည်ဟု ဆိုသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ အကူအညီပေးနိုင်ရန် အမေရိကန်အစိုးရ၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လာရောက်ရန် စီစဉ်ထားကြောင်း သိရသည်။ **Mon**



# ထရမ့်ကို လုပ်ကြံရန် ကြိုးပမ်းသည်ဟု စွဲဆိုခံရသူ မိမိတွင် အပြစ်မရှိဟု တရားရုံး၌ ငြင်းဆန်ထွက်ဆို

**ဝါရှင်တန် အောက်တိုဘာ ၁**

ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်ကို လုပ်ကြံရန် ကြိုးပမ်းသည်ဟု စွဲဆိုခံရသူ အသက် ၅၈ နှစ်အရွယ် ရိုင်ယန်ရုသ်က မိမိတွင် အပြစ်မရှိဟု စက်တင်ဘာ ၂၉ ရက်က တရားရုံး၌ ငြင်းဆန်ထွက်ဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လက်နက်မှု၊ ရဲအရာရှိကို ရန်ပြုတိုက်ခိုက်မှု၊ ဒေါ်နယ်လ်ထရမ့်ကို လုပ်ကြံရန် ကြိုးပမ်းမှုတို့ဖြင့် စွဲဆိုခံထားရသော ရိုင်ယန်ရုသ်ကို ရဲတပ်ဖွဲ့ဝင်များက တရားရုံးသို့ လက်ထိပ်ခတ်ခေါ်ဆောင်လာခဲ့သည်။

စွဲချက်များနှင့်ပတ်သက်၍ တရားရုံးက ၎င်းကို စစ်ဆေးမေးမြန်းပြီး ၅ မိနစ်ခန့်အကြာတွင် တရားခွင်ပြီးဆုံးသွားခဲ့သည်။

ဒေါ်နယ်လ်ထရမ့် ပိုင်ဆိုင်သော ဂေါက်ကွင်းတစ်နေရာရှိ ချုံပုတ်တစ်ခုအတွင်း ကျန်နေခဲ့သည့် ရိုင်ဖယ်သေနတ်တစ်လက်၊ ၎င်း၏အိမ်မှ ရှာဖွေတွေ့ရှိခဲ့သော မှတ်စုတစ်ခုအပါအဝင် သက်သေအထောက်အထားများအရ ၎င်းကို အစိုးရတရားရေးဌာနက စွဲချက်တင်ခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ရိုင်ယန်ရုသ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရမည်ဆိုလျှင် ထောင်ဒဏ်တစ်သက်ကျခံရမည်ဖြစ်ကြောင်း သိရသည်။ **Mon**




# ကမ္ဘာ့ပထမဆုံး ရှင်ကန်ဆင်ကျည်ဆန်ရထား သက်တမ်းအားဖြင့် နှစ်(၆၀) ပြည့်မြောက်ခဲ့ပြီ

**တိုကျို အောက်တိုဘာ ၁**

ဂျပန်နိုင်ငံမှ ကမ္ဘာ့ပထမဆုံး ရှင်ကန်ဆင် ကျည်ဆန်ရထား သက်တမ်းအားဖြင့် နှစ်(၆၀)ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ကျည်ဆန်ရထားကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ပြီး တိုကျိုမြို့တော်နှင့် အိုဆာကာမြို့အကြားရှိ ၅၁၅ ကီလိုမီတာ အကွာအဝေးကို ၆ နာရီခွဲ ကြာမြင့်ခဲ့သည်။

ထို့နောက် ရှင်ကန်ဆင်ကျည်ဆန်ရထား၏အမြန်နှုန်း တစ်နာရီ ၂၁၀ ကီလိုမီတာသို့ ရောက်ရှိခဲ့ရာ ထိုခေတ်က ကမ္ဘာ့အမြန်ဆုံးမီးရထားစံချိန်တင်နိုင်ခဲ့သည်။

ယနေ့ခေတ်တွင် ယင်းကျည်ဆန်ရထား၏ အမြန်နှုန်း တစ်နာရီလျှင် ၂၈၅ ကီလိုမီတာရှိနေပြီဖြစ်ပြီး တိုကျိုမြို့တော်နှင့် အိုဆာကာမြို့အကြား ခရီးသွားချိန် ၂ နာရီခန့်သာ ကြာမြင့်တော့သည်။

၎င်းထက် နှစ်ဆနီးပါးပိုမြန်သော သံလိုက်ရထားများကို လာမည့် ၂၀၂၇ ခုနှစ်မှစတင်၍ ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



# ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ထုတ်ယူခြင်းကို ဗြိတိန်နိုင်ငံတွင် အပြီးအပိုင် ရပ်တန့်တော့မည်

**လန်ဒန် အောက်တိုဘာ ၁**

ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းကို ဗြိတိန်နိုင်ငံတွင် အပြီးအပိုင်ရပ်တန့်တော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၁၉၆၇ ခုနှစ်ကတည်းက ကျောက်မီးသွေးလောင်စာသုံးပြီး လျှပ်စစ်ဓာတ်အားထုတ်ယူခဲ့သော စက်ရုံအပါအဝင် အခြားကျောက်မီးသွေးအခြေပြုဓာတ်အားပေးစက်ရုံများကို ပိတ်ပစ်တော့မည်ဟု စွမ်းအင်ဝန်ကြီး မိုက်ကယ်လ်ရှန့်က ထုတ်ဖော်ပြောကြားသည်။

လေထုညစ်ညမ်းမှုလျှော့ချနိုင်ရန် ထိုစက်ရုံများ ပိတ်ပစ်ပြီးနောက် နေစွမ်းအင်၊ လေစွမ်းအင်တို့ဖြင့် အစားထိုးရာတွင် စိန်ခေါ်မှုများစွာရှိလာနိုင်ကြောင်း သိရသည်။ **Mon**



၁၅ မီတာမှ မီတာ ၅၀ အထိ ပိုမြင့်လာသည်ဆိုသော ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ကို တွေ့ရစဉ်။

**Mon**



# တရုတ်လျှပ်စစ်ကားများ အခွန်စည်းကြပ်ရေးကိစ္စ အီးယူအဖွဲ့ဝင်နိုင်ငံများ မဲပေးပြီး ဆုံးဖြတ်သွားမည်

**ဘရပ်ဆဲလ် အောက်တိုဘာ ၁**

တရုတ်နိုင်ငံက ထုတ်လုပ်တင်သွင်းသော လျှပ်စစ်ကားများအပေါ် အခွန်တိုးမြှင့်စည်းကြပ်ရေးကိစ္စနှင့်ပတ်သက်၍ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မဲပေးပြီး ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်နှင့် ဥရောပသမဂ္ဂ ကုန်သွယ်ရေးတာဝန်ခံများ ညှိနှိုင်းဆွေးနွေးရာမှ နောက်ဆုံးထွက်ပေါ်လာခဲ့သော ရလဒ်အရ တရုတ်လျှပ်စစ်ကားများအပေါ် ဥရောပသမဂ္ဂက အခွန် ၃၆ ဒသမ ၃ ရာခိုင်နှုန်း စည်းကြပ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ထိုဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ဥရောပသမဂ္ဂဝင်နိုင်ငံများ အောက်တိုဘာ ၄ ရက်တွင် မဲခွဲဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**

# နိုင်ငံခြားသားများအပါအဝင် အကျဉ်းသား ၃၇၆၅ ဦးကို ဗီယက်နမ်အစိုးရ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေး

**ဟနွိုင်း အောက်တိုဘာ ၁**

နိုင်ငံခြားသားများ အပါအဝင် အကျဉ်းသား ၃၇၆၅ ဦးကို စက်တင်ဘာ ၃၀ ရက်တွင် ဗီယက်နမ်အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အကျဉ်းထောင် အသီးသီးတွင် စည်းကမ်းသေဝပ်လိုက်နာသော အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွှတ်ပေးရန် သမ္မတတူလမ်က အစိုးရထံ ပန်ကြားခဲ့သဖြင့် သက်ဆိုင်ရာက စိစစ်ပြီးနောက် ထိုလွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်ကိုအကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အကျဉ်းသားများသည် ယခင်က လူသတ်မှု၊ မှောင်ခိုကူးသန်းရောင်းဝယ်မှု၊ လောင်းကစားမှု စသည်တို့ဖြင့် အကျဉ်းကျခံခဲ့ရသော်လည်း အကျဉ်းထောင်စည်းကမ်းများကို ကောင်းစွာလိုက်နာသဖြင့် လွတ်ငြိမ်းခွင့်ရခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်သမ္မတရုံးပြောခွင့်ရသူက ရှင်းပြသည်။



ယင်းကဲ့သို့ လွတ်ငြိမ်းခွင့်ရသူများနှင့်အတူ တရုတ်နိုင်ငံသား ကိုးဦး၊ အမေရိကန်နိုင်ငံသား နှစ်ဦး၊ လာအိုနိုင်ငံသား သုံးဦး၊ ကမ္ဘောဒီးယားနိုင်ငံသား နှစ်ဦးအပါအဝင် နိုင်ငံခြားသား ၂၀ ဦးလည်း လွတ်မြောက်လာရာ သက်ဆိုင်ရာသံရုံးများမှတစ်ဆင့် ၎င်းတို့ ဌာနေနိုင်ငံသို့ ပြန်ခွင့်ရအောင် စီစဉ်ပေးသွားမည်ဟုလည်း ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒိုဟွမ်ဗီယက်က ပြောကြားကြောင်း သိရသည်။

**Mon**

## အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြော

**မန္တလေး အောက်တိုဘာ ၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်(၆၂)၊ ၈၆လမ်းနှင့်၁၆လမ်းထောင့်ရှိ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်း မြတ်စေတနာခန်းမတွင် စက်တင်ဘာ ၃၀ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟိုမန္တလေး) (AE DA Mdy)တို့ ပူးပေါင်းကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး



ဒေါ်ဝါဝါက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အသင်းအလုပ်အမှုဆောင် ဒေါ်သင်းသင်းဦးက မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကိုလည်းကောင်း၊ အသီးသီးဟောပြောကြပြီး အသင်းအတွင်းရေးမှူး ဦးမြင့်သန်း၊ အသင်းအလုပ်အမှုဆောင် ဦးဝင်းမင်းလှိုင်တို့က တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာ မေးခွန်းများ မေးမြန်းကြပြီး ဖြေဆိုသူများအား ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရန် သန္နိဋ္ဌာန်များ ရွတ်ဆိုကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(၀၇၀)**



## လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး သင်တန်းဖွင့်လှစ်

**ရေနံချောင်း အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် GOLDPETROL JOC Inc တို့ပူးပေါင်းဖွင့်လှစ်သည့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး အသိပညာပေးသင်တန်းကို ရေနံချောင်းမြို့ ဧည့်ရိပ်သာတွင် ယမန်နေ့နံနက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်မှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးပြောကြားခြင်းနှင့် GOLDPETROL မှ HSES OFFICER ဦးလွင်မိုးအောင်တို့က အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် အသိပညာပေးသင်တန်းကို မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့်တပ်ဖွဲ့ဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကုမ္ပဏီမှဝန်ထမ်း ၃၀ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၇၂)**

## မန္တလေးခရိုင်နှင့် မြို့နယ်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများ ရှင်းလင်း

**မန္တလေး အောက်တိုဘာ ၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးလက်အောက်ရှိ မန္တလေးခရိုင်နှင့် မြို့နယ်များရှိ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် တိုင်းဒေသကြီးအတွင်းရှိ စက်တင်ဘာလဆန်းက ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားပြီး ရေကြီးရေလျှံမှုနှင့် ရေလွှမ်းမိုးမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ရွှေသူဌေးရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ ဝမ်းတွင်းမြို့နယ်၊ ကိုင်းကျေးရွာအုပ်စု၊ မြောက်ကိုင်းကျေးရွာရှိ မိုးကုတ်မေတ္တာရောင်ခြည်ဓမ္မရိပ်သာဘုန်းတော်ကြီးကျောင်းတိုက်၊ သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ ထူးတွင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၊ ပျော်ဘွယ်မြို့နယ်၊ ကျောက်ဆည်ကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် ရမည်းသင်းမြို့နယ်၊ နတ်စင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းအတွင်း ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သည့်နုန်းများ၊ ရွှံ့နွံများအား ရှင်းလင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ မီးသတ်စက်များ အသုံးပြု၍ ဆောင်ရွက်ပေးခြင်းနှင့် သောက်သုံးရေပေးဝေခြင်းလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ) (၀၄၅)**



## လယ်ဝေးမြို့နယ်၊ သစ်တိုးချောင်းဇောက်ရိုးတံတားနှင့် မြို့ရှောင်လမ်း-ကွမ်းခြံလမ်းပိုင်းတို့ ပြုပြင်ပြီးဖြစ်၍ ဒေသခံများ ဆက်သွယ်သွားလာလျက်ရှိ

**လယ်ဝေး အောက်တိုဘာ ၁**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ကျေးရွာချင်းဆက် သစ်တိုးချောင်းဇောက်ရိုးတံတားနှင့် မြို့ရှောင်လမ်း-ကွမ်းခြံလမ်းပိုင်းအား ပြန်လည်ပြုပြင်ပြီးဖြစ်၍ ဒေသခံများ ဆက်သွယ်သွားလာလျက်ရှိကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **(အောက်ပုံ)**

လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် ကျေးရွာများသို့ ဆက်သွယ်ထားသည့် လမ်းအချို့ ရေတိုက်စား၍ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

အဆိုပါ လမ်းများအနက် ပေါင်းလောင်း-အင်တိုင်းသာ-ဇီးကုန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်တိုးချောင်းဇောက်ရိုးတံတားပေ ၅၀ ချဉ်းကပ်လမ်း ရေတိုက်စားသွားခြင်းအား ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စက်တင်ဘာ ၂၄ ရက်မှ စတင်ပြုပြင်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက်၊ နံနက်ပိုင်းက ပြုပြင်ပြီးစီးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ ဆိုင်ကယ်လေးစီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ တရားမဝင် အခြားသစ် ၁ ဒသမ ၉၉၀ တန်၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် ဆိုင်ကယ်လေးစီးကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၉ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ညာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်းလာသော ယာဉ်နှစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုးနှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Pregio Van တစ်စီး၊ Nissan Truck တစ်စီး၊ Isuzu Truck တစ်စီး၊ Nissan Deisel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၆၂၀ တန်၊ အခြားသစ် ၅ ဒသမ ၆၉၃ တန်ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀



# မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ရန်ကုန်-ပဲခူး လမ်းပိုင်း၌ ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် အမှတ်(၁၅)အဆန်/(၁၆)အစုန် လူစီးရထား စတင်ပြေးဆွဲ

ရန်ကုန် အောက်တိုဘာ ၁

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေ ချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့်အတူ စပိန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့်ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် ရန်ကုန်-ပဲခူးခရီးစဉ် အမှတ် (၁၅)အဆန်နှင့် ပဲခူး-ရန်ကုန်ခရီးစဉ် အမှတ်(၁၆) အစုန် လူစီးရထားများ စတင်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်ဘူတာကြီး၌ ကျင်းပသည်။



## တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနအကြီးအမှူးများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှဝန်ထမ်းများနှင့် ရထားစီးခရီးသွားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဒုတိယဝန်ကြီး ဦးအောင်မြိုင်တို့က အမှာစကားပြောကြားကြပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့်အတူ ရထားတွဲဆိုင်းအသစ်များ အသုံးပြု၍ ရန်ကုန်-ပဲခူး ခရီးစဉ်အဖြစ် အမှတ်(၁၅)အဆန်/ အမှတ်(၁၆)အစုန်အား စတင်ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံမှ ယနေ့ စတင်ပြေးဆွဲထွက်ခွာသည့် အမှတ်(၁၅)အဆန် ရန်ကုန်-ပဲခူးခရီးစဉ် DEMU ရထားတွဲဆိုင်းအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လိုက်ပါစီးနင်းကြမည့် ရထားစီးခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ ရန်ကုန်ဘူတာကြီးမှ စတင်ပြေးဆွဲထွက်ခွာသည့် အမှတ်(၁၅)အဆန် DEMU ရထားဖြင့် စီးနင်းလိုက်ပါ ကြည့်ရှုစစ်ဆေးကြသည်။

ယခင်က ရန်ကုန်-ပဲခူး ခရီးစဉ်အဖြစ် ပြေးဆွဲပေးလျက်ရှိသော အမှတ်(၁၃)အဆန်/ အမှတ်(၁၄) အစုန် RBE ရထားခရီးစဉ်ကို ယာယီရပ်ဆိုင်း၍ ၎င်း RBE ရထားခရီးစဉ် အချိန်စာရင်းအတိုင်း ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ အသုံးပြု၍ အမှတ်(၁၅) အဆန်/ အမှတ်(၁၆)အစုန် DEMU ရထားအဖြစ် ပြောင်းလဲပြေးဆွဲသွားရန် စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမှတ်(၁၆)အစုန် ပဲခူး-ရန်ကုန် DEMU ရထားသည် ပဲခူးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ် (၁၅) အဆန် ရန်ကုန်-ပဲခူး DEMU ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာ၍ ပဲခူးဘူတာသို့ ညနေ ၇ နာရီ ၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

လမ်းခရီးတွင် ပုဇွန်တောင်၊ မလွကုန်း၊ သဃ်န်းကျွန်း၊ တိုးကြောင်ကလေး၊ ရွာသာကြီး၊ လေးဒေါင့်ကန်၊ ဒါးပိန်၊ ကော့ချဲ၊ ထုံးကြီး၊ ကျောက်တန်း၊ တာဝ၊ ဘုရားသုံးဆူ စုစုပေါင်း ၁၂ ဘူတာတို့တွင် ရပ်တန့်ပေးသွားမည်ဖြစ်သည်။ ယင်း DEMU ရထားတွဲဆိုင်းတွင် ခရီးသည် ရပ်စီး/ထိုင်စီး စုစုပေါင်း ၈၃၂ ဦး စီးနင်းလိုက်ပါနိုင်ပြီး ခရီးသွားလက်မှတ်ခအနေဖြင့် ခရီးစဉ် အစမှအဆုံးထိ တစ်ဦးလျှင် ငွေကျပ် ၂၅၀၀ နှင့် ခရီးတစ်ဝက်လိုက်ပါစီးနင်းပါက ငွေကျပ် ၁၃၀၀ နှုန်း သတ်မှတ်ထားပြီး ၎င်းရထားခရီးစဉ်ကို အောက်တိုဘာ ၂ ရက်မှစ၍ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

---

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အီတလီစီးရီးအေ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ဂျူဗင်တပ်အသင်း ရည်မှန်းထား

တူရင် အောက်တိုဘာ ၁

ဂျူဗင်တပ်အသင်းသည် ယခုနှစ် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် အီတလီစီးရီးအေ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန် ရည်မှန်းထားလျက်ရှိသည်။

နည်းပြသစ် သီယာဂိုမော့တာလက်ထက်တွင် ဂျူဗင်တပ်အသင်းသည် ရလဒ်ကောင်းများစွာ ရရှိနေပြီး ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေ ပွဲစဉ် ၆ပွဲကစားအပြီးတွင် ရှုံးပွဲလုံးဝမရှိသေးဘဲ ရမှတ် ၁၂မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၂နေရာတွင် ရပ်တည်လျက်ရှိသည်။

ထို့ပြင် ဂျူဗင်တပ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေ ၆ပွဲကစားပြီးချိန်တွင်လည်း ပေးဂိုးလုံးဝမရှိခဲ့ဘဲ မိနစ်အားဖြင့် (၅၄၀)ကျော် (နာကျင်အချိန်ပိုများ ထည့်တွက်ထားခြင်းမရှိပါ)အထိ ရှိခဲ့ပြီး ၁၉၈၄ခုနှစ် နောက်ပိုင်းမှ စတင်ရေတွက်ပါက နှစ်ပေါင်း ၃၀ကျော်အတွင်း စီးရီးအေပြိုင်ပွဲ၏ စံချိန်မှတ်တမ်းသစ်တစ်ရပ်လည်း ပိုင်ဆိုင်ခဲ့သည်။

လက်ရှိရလဒ်ကောင်းများကြောင့် ဂျူဗင်တပ်အသင်း၏ ယခုနှစ်ဘောလုံးရာသီ ချန်ပီယံဆုအတွက် ရေပန်းစားမှုမှာလည်း ရာသီမစမီကထက်(၄၀ ရာခိုင်နှုန်း)ကျော် ပိုမိုမြင့်တက်လာခဲ့သည်။ ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် ၎င်းတို့ ရည်မှန်းထားသည့် အတိုင်း ယခုနှစ် ဘောလုံးရာသီ အီတလီစီးရီးအေ ချန်ပီယံဆုကြီးအား ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမည်ဖြစ်သည်။

(NGB)

---

## ကောလင်းမြို့နယ် ဥက္ကံကျေးရွာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ပြည်သူခုနစ်ဦးသေဆုံးကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဥက္ကံကျေးရွာ အရှေ့အိုင်ကြီးလမ်းခွဲနေရာကို လေကြောင်းဖြင့် ဗုံးကြဲချတိုက်ခိုက်ခဲ့ရာ ပြည်သူအချို့သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

### သတင်းမှားသာဖြစ်

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးနှင့် လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ သတင်းမှားသာဖြစ်ပြီး မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကြောင့် အားပေးထောက်ခံမှုမရှိတော့သည့် ကျေးရွာများအား အကြမ်းဖက်သမားများက အကြောက်တရားများ လွှမ်းမိုးလာစေရန် လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရပ်သားပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း၊ ထိုသို့လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများအား တပ်မတော်က ထိရောက်စွာ တိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်းနှင့် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက တပ်မတော်နှင့် ပြည်သူအကြား သပ်လျှိုသွေးခွဲရန်နှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် ယခုကဲ့သို့ မဟုတ်မမှန်သည့် သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Zaw Min Oo 4383" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေကျင်ကျေးရွာနေ ဝင်းဇော်ထွန်းအား ည ၈နာရီ ၂၅မိနစ်တွင် အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





# မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံ မြို့နယ်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးချုပ်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ရဲမှူးချုပ် စိန်လွင်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် သီးခြားတပ်ဖွဲ့တို့မှ ရဲအရာရှိကြီးများ၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီးနောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ထံကပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးချုပ်နှင့် အစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး ဥပဒေချုပ်တို့က တစ်ဆင့်မြင့်ရာထူးတိုးဆုရရှိသူများနှင့် အမှုထမ်းကောင်းဆုရရှိသူများကိုလည်းကောင်း ချီးမြှင့်ပေးပြီးနောက် ချောင်ချောင်ရွှေဆိုင် မိသားစုက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၁၅၀၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့လည်းကောင်း၊ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ငွေကျပ်သိန်း ၁၂၅၀ ကို ရဲမှူးချုပ်ထံသို့လည်းကောင်း ပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရဲမှူးချုပ်တို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ငှင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြသသည့် VideoClipနှင့် ပြခန်းများအား ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အခမ်းအနား ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀














# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ





**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ၊ တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဂုဏ်ပြုခံ အဘိုး၊ အဘွားများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ သက်ကြီးပုဂ္ဂိုလ်များက လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုခဲ့ခြင်းများကို အသိအမှတ်ပြုသောအားဖြင့်လည်းကောင်း၊ လူမှုအဖွဲ့အစည်းအတွက် အကျိုးရှိနေဆဲ၊ အသုံးဝင်နေဆဲဖြစ်သည်ကို အသိအမှတ်ပြုသောအားဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်ကို နိုင်ငံတော်က နှစ်စဉ်အခမ်းအနားများဖြင့် ကျင်းပလျက်ရှိပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါကြောင်း၊ တိုင်းဒေသကြီးအဆင့်အနေဖြင့် ကျင်းပလာသည်မှာ (၂၆)ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ

စာမျက်နှာ ၁၄ သို့ ■


















# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မိသားစုအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

**မန္တလေး အောက်တိုဘာ ၁**

၂၀၂၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ မန္တလေးတိုင်းဒေသကြီးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း စုစည်းညီညာစွာဖြင့် ကောက်ယူလျက်ရှိကြသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် မထပ်မကျန် အမှန်ဖြစ်စေရေး ဦးတည်လျက် လူတန်းစားအလွှာအသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြသကဲ့သို့ တာဝန်ရှိသူများမှလည်း လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။



အောက်တိုဘာ ၁ ရက် နံနက် ၇နာရီခွဲအချိန်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၏ နေအိမ်တွင် သန်းခေါင်စာရင်းများကောက်ယူခဲ့ကြသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အထောက်အကူပြုအဖွဲ့များ လိုက်ပါပြီး တာဝန်ကျ စာရင်းကောက် ဆရာမက သန်းခေါင်စာရင်းမေးခွန်း ၆၈ ချက် မေးမြန်းမှုအပေါ် ဝန်ကြီးချုပ်က ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့မွန်းလွဲပိုင်း၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါပြီး အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များရှိ နေအိမ်များတွင် သန်းခေါင်စာရင်းကောက်ယူနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





■ စာမျက်နှာ ၁၃ မှ

သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားသည့် ဆောင်ပုဒ်မှာ "သက်ကြီး ပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရေးကမ္ဘာအနှံ့ ဘက်စုံပြုစုစောင့်ရှောက်ပေး" ဖြစ်ပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရာတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် အားလုံးက သက်ကြီးပုဂ္ဂိုလ်များအား ချစ်ခင်လေးစားပြီး ဘဝကိုသိရှိနားလည်တန်ဖိုးထားကာ သက်ကြီးသူများဘဝသာယာစေရန် ဝိုင်းဝန်းဖြည့်ဆည်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသည့် ဂုဏ်ပြုခံ သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွားများအား ဂုဏ်ပြုပစ္စည်းများနှင့် ဂုဏ်ပြုငွေများ ပေးအပ်ပြီးနောက် အခမ်းအနားသို့ မတက်ရောက်နိုင်သည့် သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွားများအတွက် ဂုဏ်ပြုငွေများကို အောင်မြေသာစံ၊ မဟာအောင်မြေနှင့် အမရပူရခရိုင်များမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

၎င်းနောက် ဂုဏ်ပြုခံ သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွားများကိုယ်စား မန်းတောင်ခြေဘိုးဘွားရိပ်သာမှ အဘိုး ဦးပေါစံက ကျေးဇူးတင်ဆုတောင်းစကားများပြောကြားပြီး သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်ရေးနှင့် အခွင့်အရေးဆိုင်ရာဆောင်ရွက်မှုဗီဒီယိုမှတ်တမ်းကို ပြသခဲ့ကြောင်းနှင့် ယနေ့အခမ်းအနားတွင် သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွားများအတွက် ဂုဏ်ပြုပစ္စည်းများနှင့် ဂုဏ်ပြုငွေများ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၈၇ ဒသမ ၈၆၇ သိန်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀



# 'လင်းသန့်စာပေဆု' ဆန်ခါတင် ၁၅ပုဒ် ဆုစာရင်းထုတ်ပြန်

**မန္တလေး အောက်တိုဘာ ၁**

လင်းသန့်စာပေနှင့်ပုံနှိပ်လုပ်ငန်းမှ ဆရာမ မေသွယ်နိုင်၏ မွေးနေ့အထိမ်းအမှတ် 'လင်းသန့်စာပေဆု' ပေးအပ်ချီးမြှင့်နိုင်ရန် စာပေကလောင်ရှင်များထံ ဝတ္ထုတိုများ ဖိတ်ခေါ်ခဲ့ရာ စာမူ ၃၂၀ခန့် ရရှိခဲ့ပြီး ယင်းစာမူများထဲမှ ဆုရွေးချယ်ပေးအပ်နိုင်ရန် ဆရာ ဆူးငှက်၊ ဆရာ ရဲသျှမ်း၊ ဆရာ ဂျူဇော်၊ ဆရာမင်းဇော်လူ၊ ဆရာမ နှင်းဆီအောင်တို့က စိစစ်အကဲဖြတ် အမှတ်ပေး ရွေးချယ်ပေးခဲ့ကြသည်။

အဆိုပါ စာမူများထဲမှ ဆုပေးအပ်ချီးမြှင့်မည့် ဆန်ခါတင် ၁၅ပုဒ်စာရင်းကို ဆုရွေးချယ်ရေးအဖွဲ့မှ ယနေ့ထုတ်ပြန်ကြေညာခဲ့ရာ ၎င်းတို့မှာ (၁) မြူ၏ လိုဘ၊ (၂)နွေမွန်း(မန်း)၏ လေးညို့သံ၊ (၃)ရွှေဝင်းညွန့်(ကျောက်ဆည်)၏ ပျော့်ရှင်ခြင်းတွေ ပြန်ပေးပါ၊ (၄) မင်းအဂ္ဂ(ဆင်တဲဝ)၏ ဆင့်ထိုးကျောက်စာတင်ပါခလှည့်၊ (၅)ဒွါး၏ အမည်မဖော်လိုသူ၊ (၆)တေဇာရှိန်း၏ အကုသိုလ် ငှက်ပျောသီး၊ (၇) မြင့်ခေါင်ကြည်၏ မိုးမင်းအော်တာ၊ (၈) ဆွန်း(စက်မှုတက္ကသိုလ်)၏ သဒ္ဒါအလွန် တစ်ဘူတာ၊ (၉) သက်ငြိမ်၏ စက္ကူလေ့၊ (၁၀) မျိုးသူရအောင်၏ မာယာဝဲဂယက်အတွင်း သက်ဆင်းကြသူများ၊ (၁၁) ရင်ငြိမ်းပွင့်(စလင်း)၏ ခိုပြာရောင်မနက်ခင်း၊ (၁၂) မေလှိုင်းဖြူ၏ သောကခြေရာ၊ (၁၃) မင်းခိုင်၏ အတက်မြင့်မြင့် အဆင်းနက်နက်၊ (၁၄) ရောင်နီသက်လွင်၏ ဂါးသိုက်၊ (၁၅)လင်းထင်၏ ပါရီ(Paris) တို့ ဖြစ်သည်။

ပထမဆုဒုတိယဆုတတိယဆုနှင့် အထူးဆုများကို မွေးနေ့ရှင် မမေသွယ်နိုင်၏ မွေးနေ့ အောက်တိုဘာ ၁၉ရက်တွင် ကြေညာပေးမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းနှင့် အထူးဆုများ ငွေကျပ် တစ်သိန်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ (PNT)

# ဖခင်အတွက် ရည်စူးကာ ဂိုးသွင်းပြီးနောက် အောင်ပွဲခံခဲ့သည့် စီရော်နယ်လ်ဒို

ကမ္ဘာကျော်ဘောလုံးသမား၊ စီးပွားရေးသမား၊ ဆိုရှယ်မီဒီယာတွင်လည်း ၁ဘီလီယံပြည့်မြောက်သောသူအဖြစ် အောင်မြင်မှုအလီလီ ရယူထားနိုင်ပြီး အရာရာပြည့်စုံနိုင်ပြီလို့ လူအများက ထင်မြင်ယူဆထားသည့် တိုက်စစ်မှူးစီရော်နယ်လ်ဒိုမှာလည်း မပြည့်စုံခြင်းများ ရှိနေပါသေးသည်။ ထိုအရာက ၎င်း၏ ဆုံးသွားပြီဖြစ်သော ဖခင်ဖြစ်သူ ဒင်းနစ်အဗီယာရို ဖြစ်ပါသည်။

ဒင်းနစ်အဗီယာရိုဟာ အရက်သေစာသောက်စားခဲ့သည့်ဒဏ်ကြောင့် ၂၀၀၅ခုနှစ် အသက် ၅၂နှစ်အရွယ်မှာ ကွယ်လွန်ခဲ့ခြင်းဖြစ်သလို၊ ယနေ့ဟာ ၎င်းရဲ့မွေးနေ့လည်း ဖြစ်ပါသည်။ တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် AFC ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အယ်လ်နာဆာအသင်းက အယ်လ်ရေယန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် ပွဲချိန် ၇၆မိနစ်က အဖိုးတန်သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် သူ့လက်နှစ်ဖက်အား ကောင်းကင်ကို လက်ညှိုးထိုးကာ ခေါင်းကိုမော့ပြီး တစ်စုံတစ်ဦးအား တမ်းတသည့်ပုံစံဖြင့် အောင်ပွဲခဲ့သည်။



တိုက်စစ်မှူး စီရော်နယ်လ်ဒို ကိုယ်တိုင်ကလည်း ယခုသွင်းဂိုးသည် ဖခင်ဖြစ်သူ၏ မွေးနေ့တွင် သွင်းယူနိုင်ခဲ့သော သွင်းဂိုးဖြစ်ခြင်းကြောင့် ကောင်းကင်ဘုံက ဖခင်ဖြစ်သူအား တမ်းတကာ အောင်ပွဲခံခဲ့ခြင်းဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

စီရော်နယ်လ်ဒိုကတော့ သူ့အသက် (၂၀)အရွယ်ကတည်းက သူ့ဖခင်ကွယ်လွန်သွားခဲ့တာဖြစ်သော်လည်း ယနေ့အချိန်အထိ အမြဲအမှတ်ရနေဆဲဆိုတာ ယခုလုပ်ရပ်က သက်သေပင်ဖြစ်ပါသည်။

အသက်(၃၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး စီရော်နယ်လ်ဒိုက "ဒီနေ့မှာ သွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးက ကျွန်တော်ကို ကွဲပြားတဲ့ အရာသာပေးပါတယ်။ ကျွန်တော့်အဖေရဲ့မွေးနေ့မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးဖြစ်တာကြောင့် ဒီဂိုးက အဖေအတွက် ရည်ရွယ်ပါတယ်။ ကျွန်တော့်စိတ်ထဲမှာ အဖေဟာ အမြဲတမ်းအသက်ရှိနေတယ်လို့ ယူဆထားပါတယ်"ဟု ပြောသည်။

**နိုင်ကမ္ဘာ**

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**လယ်ဝေး အောက်တိုဘာ ၁**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု ဗဟိုဌာနတွင် စက်တင်ဘာ ၃၀ရက် မွန်းလွဲ ၁နာရီက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အလယ်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က ပြိုင်ပွဲများ ကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပရာ ကျောင်းသားကျောင်းသူ ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။ ဆက်လက်၍ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မဇူလိုင်မိုး၊ ဒုတိယဆုရရှိသည့် မခင်ဟံသာ၊ တတိယဆုရရှိသည့် မဝင်းလဲ့ရတနာဦးတို့အား မြို့နယ်ဦးစီးမှူး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ က ဆုချီးမြှင့်ခဲ့ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# အသား၊ ငါးများ ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ၊ မရှိ စစ်ဆေး

**ရေနံချောင်း အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒေသခံပြည်သူများ အသား၊ ငါး ဝယ်ယူစားသုံးမှု အဆင်ပြေစေရန်ရည်ရွယ်၍ ဝက်၊ အမဲ၊ ဆိတ်သား ရောင်းချသူများမှ ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ၊ မရှိကို ယမန်နေ့ နံနက် ၇နာရီက မြို့မဈေးရှိ ဝက်၊ အမဲ၊ ဆိတ်သားရောင်းချသည့် ဆိုင်များအား စစ်ဆေးခဲ့သည်။



ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒေသခံပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဝက်၊ အမဲ၊ ဆိတ်(အသား၊ ငါး)များ ဝယ်ယူစားသုံးနိုင်ရန်အတွက် မြို့မဈေးကြီးရှိ အသား၊ ငါး ဈေးဆိုင်များတွင် ဈေးနှုန်းသတ်မှတ်ချက်များပါဝင်သည့် ဗီနိုင်းဆိုင်းဘုတ်များ ချိတ်ဆွဲကာ ပညာပေး၍ စနစ်တကျ ရောင်းချစေခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

(ဝဲပုံ)(၄၇၂)

ပတ်စရာ၊ မှတ်စရာ စုံလင် ပန်းရနံ့

# နေ့စဉ်ဖတ်စာ

* ဥစ္စာ - ဓန
ပေါကြွယ်ဝလည်း
ဒါနမဖက်
မလှူရက်လျှင်
ရမက်တွေဖုံး
လူဖြစ် တုံး၏ ။

* ဘုရား သာသနာ
ကြုံတွေ့ပါလည်း
သိက္ခာသီလ
ပျက်ပြားကြလျှင်
အလင်းရောင် ဆိတ်သုဉ်း
လူဖြစ် ဆုံး၏ ။

* မြတ်ဗုဒ္ဓတရား
နာကြားကြလည်း
ဘာဝနာအလုပ်
အားမထုတ်ကြလျှင်
ဘဝတစ်လျှောက်လုံး
လူဖြစ် ရှုံး၏ ။

* အမှန်တရား
ရှေ့က သွားလည်း
အမှားနောက်ကို လိုက်
အမှောင်ကြိုက်ကာ
ဦးနှောက် မသုံး
လူဖြစ် ပြုန်း၏ ။

* ဒါန သီလ
ဘာဝနာများ
ပွားများကျင့်ကြ
အားထုတ်ကြမှ
နေ့စဉ် ဘဝ
လူဖြစ်ရကျိုးနပ်၏ ။ ။

**မိုးထက်ကို(အမရပူရ)**



# ဖွဲနုဆီ၏ကောင်းကျိုးလက္ခဏာ အဖြာဖြာ



ကမ္ဘာပေါ်ရှိ ဆီစားသုံးများသော နိုင်ငံများထဲတွင် မြန်မာနိုင်ငံသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ နေ့စဉ်အစားအသောက်များ ချက်ပြုတ်ရာမှာ စားသုံးဆီက အရေးပါလျက်ရှိသည်။ ဟင်းချက်ဆီ အမျိုးအစားများစွာ ရှိကြသည်။ ၄င်းတို့မှာ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီ၊ ပဲပိစပ်ဆီ၊ ပြောင်းဖူးဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊ သံလွင်ဆီ စသည်တို့အပြင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ထောပတ်သီးဆီကဲ့သို့ အခြားစားသုံးဆီအမျိုးအစားများလည်း ရှိကြသည်။

ဖော်ပြပါ မြောက်မြားစွာသော ဆီအမျိုအစားများစွာထဲမှ မိမိတို့နေ့စဉ် အသုံးပြုနေသည့် ဟင်းချက်ဆီသည် ကျန်းမာရေးအတွက် အသင့်လျော်ဆုံးသော ဆီကို ရွေးချယ်တတ်ဖို့ လိုပါသည်။ အဆီထုတ်ယူသည့် အခြေခံပစ္စည်းပေါ်မူတည်၍ ရရှိလာသော စားသုံးဆီသည် ပြည့်ဝဆီ (Saturated fat) နှင့် မပြည့်ဝဆီ (Unsaturated fat)ဟူ၍ ကွဲပြားသွားသည်။ ၄င်းနှစ်မျိုးအနက် မပြည့်ဝဆီကသာ လူသားတို့ ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။

**ဖွဲနုဆီ၏ အားသာချက်များ**

Unsaturated fat အမျိုးအစားများစွာရှိရာ လူသိနည်းသော ဖွဲနုဆီ (Rice Bran Oil)အကြောင်းကို ဖော်ပြပေးလိုပါသည်။ ဖွဲနုဆီ၏အားသာချက်များမှာ အရသာနှင့် အနံ့မရှိခြင်းဖြစ်သည်။ ဖွဲနုဆီသည် ဆန်၏အပြင်ဘက်ဆုံး အစိတ်အပိုင်းဖြစ်သဖြင့် Brown Husk က ထုတ်ယူထားသော ဆီတစ်မျိုးဖြစ်ရာ အခြားစားသုံးဆီများကဲ့သို့ အနံ့နှင့်အရသာကို ဖွဲနုဆီ၌ မတွေ့ရှိနိုင်ပေ။ ထို့ကြောင့် ဖွဲနုဆီကို အသုံးပြု၍ ဟင်းလျာများ ချက်ပြုတ်ကြော်လှော်ခြင်းဖြင့် မူလဟင်း၏ အနံ့နှင့်အရသာတို့ကို ဆီကြောင့် မပျက်ယွင်း မပြောင်းလဲနိုင်ပေ။ ထို့ပြင် ဖွဲနုဆီ၏ သဘောသဘာဝအရ အခြားဆီများကဲ့သို့ စေးကပ်ပျစ်နှစ်ခြင်း မရှိပေ။ ထိုအားသာချက်အဖြစ် ဆီစားပြီးနောက် လည်ချောင်းထဲ ဆီကပ်နေခြင်း မခံစားရတော့ပေ။ တစ်နည်းဆိုသော် ဖွဲနုဆီဖြင့် ကြော်လှော်ထားသော အစားအစာမှာ ဆီများစိမ့်ဝင်ပါဝင်မှု နည်းသည့်အတွက် လူတို့အစာအိမ်အတွင်း ဆီစားသုံးရောက်ရှိမှုကို တစ်ဖက်တစ်လမ်းက လျော့နည်းစေပါသည်။ ထို့ကြောင့် ကျန်းမာရေးအတွက် ဘေးမဖြစ်စေတော့ပေ။

**ဖွဲနုဆီ ထုတ်ယူခြင်း**

ကမ္ဘာ့ဒေသအသီးသီးရှိ အပူပိုင်းဒေသများတွင် ဆန်ကို အဓိကထား စိုက်ပျိုးကြသည်။ အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်မှ ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြေဆီလွှာတွင် မြေဆွေးနှင့် ရွှံ့စေးတို့များပြားပြီး စပါးပွင့်ပါသည်။ စပါးဆိုသည်မှာ စပါးစေ့တစ်စေ့စီပါဝင်သော စပါးတစ်မျိုးဖြစ်ပြီး ၄င်းတွင် အလွှာများစွာ ရှိသည်။ ပထမအလွှာကို Husk ဟုခေါ်သည်။ စပါးခွံအောက်တွင် "ဖွဲနု" ရှိသည်။ ဖွဲနုတွင် စပါး၏ဆီပါဝင်မှု ၇၅ ရာခိုင်နှုန်းကျော် ပါဝင်သည်။ အဆီနှင့် ဗီတာမင်ဓာတ်ပေါင်းစုများလည်း ကြွယ်ဝသည်။ ပထမဦးစွာ ဖွဲနုကို ဆီထုတ်သည့်တိုင်အောင် စည်အတွင်းပိုင်းဝက်အူကို ဖိထားသည့် ဖယ်ထုတ်စက်တွင်ထားရသည်။ ထိုအခါ ဖွဲနုကိတ်(ခေါ်)ဆီတစ်ဝက်တစ်ပျက်ဖြစ်နေသော ဖွဲနုချပ် ကျန်ရစ်သည်။ ထို့နောက် ၄င်းဖွဲနုကိတ်တွင် ကျန်ရှိသော ဆီမှန်သမျှကို Hexane(ခေါ်)ဖျော်ရည်တစ်မျိုးကို အသုံးပြု၍ ထုတ်ယူကြသည်။ ယင်းထုတ်ယူထားသောဆီသည် စားသုံးရန်အဆင်သင့်ဖြစ်သည်အထိ စစ်ထုတ်ခြင်းနှင့် ဖြတ်တောက်ခြင်းတို့ကို လုပ်ဆောင်သည်။ ဤနည်းအားဖြင့် ဖွဲနုသည် Expeller Pressing နှင့် Solvent Extraction လုပ်ငန်းစဉ်များအောက် သိပ္ပံနည်းကျဖြတ်သန်းပြီးသောအခါ နောက်ဆုံး၌ စားသုံးနိုင်သော "ဖွဲနုဆီ" ရရှိပါသည်။

**အာဟာရဆိုင်ရာ အချက်အလက်များ**

ဟင်းချက်ဆီသည် ကျန်းမာရေးကို ထိန်းညှိရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ မိမိရွေးချယ်လိုက်သော စားသုံးဆီက ကိုလက်စထရောအဆင့်၊ ဇီဝဖြစ်ပျက်မှုပြောင်းလဲမှုဖြစ်စဉ်၊ ရောင်ရမ်းမှုပြဿနာ၊ နှလုံးသွေးကြောရောဂါတို့နှင့် တိုက်ရိုက်ဆက်နွယ်နေပါသည်။ ကမ္ဘာကြီး တိုးတက်ခေတ်မီလာသည့်အလျောက် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ လူသားအများစုသည် ကျန်းမာရေးအသိအမြင် ရှိလာကြကာ စားသုံးဆီနှင့်ပတ်သက်၍ ချက်ပြုတ်ရန် ရွေးချယ်သည့်ဆီများအကြောင်းကို သတိထားမိလာကြသည်။ ထိုအခါ Unsaturated fat အမျိုးအစားတစ်ခုဖြစ်သော ဖွဲနုဆီ (Rice Bran Oil)၏ အာဟာရဆိုင်ရာအချက်အလက်များ (Nutrition Facts)ကို လေ့လာကြည့်ရာ ၁၃ ဂရမ် အလေးချိန်ရှိသော ဖွဲနုဆီတွင် အဆီပါဝင်မှု ရာနှုန်းပြည့်၊ ကယ်လိုရီ ၁၂၀၊ ဗီတာမင်ကေ ၃ ဒသမ ၃ မိုက်ကရိုဂရမ်၊ ဗီတာမင်အီး ၄ ဒသမ ၄ မီလီဂရမ်၊ Phytosterols ၁၆၁ မီလီဂရမ် စသည်တို့ အသီးသီး ပါဝင်နေကြောင်း တွေ့ရသည်။ ထို့ပြင် လူကို ကောင်းကျိုးမပြုသော သကြားနှင့် ဆိုဒီယမ်တို့ လုံးဝမပါရှိပေ။ ထို့ကြောင့် ဖွဲနုဆီကို စားသုံးကြရန် ကျန်းမာရေးသုတေသီများက တိုက်တွန်းထားကြပါသည်။

**ဖွဲနုဆီကို စားသုံးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ**

ဖွဲနုဆီကို စားသင့်သော အဓိကအချက်မှာ သဘာဝအစွမ်းထက် Antioxidants များစွာပါဝင်ပြီး အထူးသဖြင့် Oryzanol ပါဝင်မှုကြောင့် ဖြစ်ပါသည်။ Oryzanol ဆိုသည်မှာ ဆန်နှင့် ဆန်မှရသော ဖွဲနုတစ်မျိုးတည်းတွင်သာ ပါဝင်သည့် အစွမ်းထက်သဘာဝ Powerful Natural Antioxidant တစ်မျိုးဖြစ်ပါသည်။ အထူးသဖြင့် ဆန်မှသာ ရရှိနိုင်သော Oryzanol က အမျိုးသမီးများအတွက် ဟော်မုန်းဆိုင်ရာရောဂါများကို ကာကွယ်စေနိုင်ပြီး သွေးဆုံးကိုင်ဝေဒနာကို လျော့ပါးသက်သာစေပါသည်။ ထို့ပြင် Antioxidants များ စားသုံးခြင်းဖြင့် ကုသရန်ခက်ခဲသော ကင်ဆာရောဂါများ ဖြစ်နိုင်ခြေမှ ကာကွယ်ထားနိုင်ပါသည်။ အထူးသဖြင့် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာတို့၏ ကင်ဆာဆဲလ်တွေ ပွားများခြင်းကို တားဆီးပေးနိုင်ပါသည်။

အရွယ်တင်နုပျိုစေခြင်း၊ အသားအရေစိုပြည်ချောမွေ့စေခြင်းဖြင့် ကောင်းကျိုးပြုပါသည်။ ထို့ပြင် အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းမှလည်း ကာကွယ်နိုင်ပါသည်။ သွေးထဲရှိမကောင်းသော ကိုလက်စထရော LDL များကို လျှော့ချပေးပြီး ကျန်းမာရေးအတွက် ကောင်းသော ကိုလက်စထရော HDL များကို တိုးပွားစေပါသည်။ နှလုံးရောဂါရှိသူများ၊ သွေးတိုးရောဂါရှိသူများ၊ ခန္ဓာကိုယ်အဝလွန်ရောဂါများ၊ အသည်းအဆီဖုံးရောဂါရှိသူများအတွက်ကိုလည်း ဖွဲနုဆီကို စားပေးခြင်းက အထူးသင့်လျော်ပါသည်။

ထို့ပြင် ဖွဲနုဆီကို စားသုံးပေးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေး အကျိုးကျေးဇူးများစွာကို ခံစားရရှိနိုင်ပါမည်။

ဖွဲနုဆီထဲတွင် ကောင်းသောအဆီများ ဖြစ်ကြသည့် Monounsaturated Fatty Acid (MUFA) နှင့် Polyunsaturated Fatty Acid (PUFA) တို့ ပါဝင်နေကြသည်။ ၄င်းအဆီများက သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ဆီးချိုရောဂါ၊ လေဖြတ်လေငန်းရောဂါ စသည့် နာတာရှည်ရောဂါများ ဖြစ်ပွားနှုန်းကို လျှော့ချပေးနိုင်သည်။



ဖွဲနုဆီထဲရှိ အော်ရီဇန်နော (Oryzanol) ခေါ် အာဟာရဓာတ်တစ်မျိုးက ဓာတ်တိုးဆန့်ကျင်သတ္တိရှိသည့်အတွက် အဆီဓာတ်တွေ ခန္ဓာကိုယ်ထဲမှာ ဓာတ်တိုးခြင်းကို ကာကွယ်ပေးသည့်အတွက် ကိုလက်စထရောကျစေပါသည်။ ထိုဖြစ်စဉ်က နှလုံးကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေကာ အထူးသဖြင့် နှလုံးသွေးကြောကျဉ်းရောဂါကို ကာကွယ်ပေးနိုင်ပါသည်။

ဆီကြော်အစားအစာများ ကြော်စားသည့်အခါ အသုံးပြုသည့် တချို့ဆီများက oxidation (ဓာတ်တိုးခြင်း) ဖြစ်ပြီးနောက် ပြောင်းလဲဆီ (Trans Fat)အနေနှင့် ပြောင်းလဲသွားပြီး စားသုံးသူကို ဘေးဖြစ်စေသည်။ သို့သော် ဖွဲနုဆီက အပူချိန်ကို ၃၅၄ ဒီဂရီစင်တီဂရိတ်အထိ ခံနိုင်သည့်အတွက် အခြားပြည့်ဝဆီများကို အသုံးပြုမည့်အစား ဖွဲနုဆီဖြင့် ကြော်လှော်စားပါက ကျန်းမာရေးပြဿနာ လျော့ပါးသက်သာစေပါမည်။ (မှတ်ချက် မည်သည့်ဆီမျိုးကိုမဆို ဆီကြော်အစားအစာအဖြစ် အမြဲမကြော်လှော်သင့်ပေ)

ဓာတ်တိုးဆန့်ကျင် သတ္တိရှိသော ဗီတာမင်တစ်မျိုးဖြစ်သည့် ဗီတာမင်အီးပါဝင်နေသဖြင့် ဖွဲနုဆီက ကင်ဆာရောဂါများကို ကာကွယ်ပေးသည့်အပြင် ကိုယ်ခံစွမ်းအားကိုပါ မြှင့်တင်ပေးပါသည်။

ဖွဲနုဆီမှာ အထက်ဖော်ပြပါ ဓာတ်တိုးဆန့်ကျင်သတ္တိများ မြောက်မြားစွာ ပါဝင်တဲ့အတွက် Basal Metabolic Rate (BMR) (ခေါ်)တစ်နေ့တာ ဇီဝကမ္မဖြစ်စဉ်အတွက် လိုအပ်သော ကယ်လိုရီပမာဏတွေမြင့်တက်လာမှုကို မူခြေဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ကိုယ်အလေးချိန် ထိန်းသိမ်းလိုသူများအတွက် ဖွဲနုဆီက အသုံးဝင်ပါသည်။

Squalene ဆိုသော ဓာတ်တစ်မျိုးကို ဖွဲနုဆီတွင်တွေ့ရသည်။ ထိုဓာတ်က အသားအရေကို နူးညံ့ချောမွေ့စေသည်။ ထို့ပြင် အရေပြားရောင်ရမ်းခြင်းကို သက်သာစေပါသည်။

ကိုလက်စထရော (Cholestrol) နှင့် Trans Fatty Acid လုံးဝမပါဝင်ဘဲ ဆီစေးပျစ်နှုန်း နည်းပါးသောကြောင့် ကြော်စားလျှင် အစားအစာတွင် ဆီများစွာပါမသွားနိုင်သဖြင့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ လေဖြတ်လေငန်းရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် အဝလွန်သူများအတွက် အသင့်လျော်ဆုံးသော ဆီဖြစ်သည်။

**ဖွဲနုဆီနှင့် လှပမှုရေးရာ**

ဖွဲနုဆီတွင် အိုမီဂါ-၃ နှင့် အိုမီဂါ-၆ ဖက်တီးအက်ဆစ်များ မြင့်မားစွာ ပါဝင်ခြင်းကြောင့် ၄င်းသည် ဆံကေသာကို အထူးကောင်းမွန်သော လိမ်းဆေးတစ်ခု ဖြစ်လာစေပါသည်။ ခေါင်းမလျှော်ခင် ဦးရေပြားနှင့် ဆံသားအနှံ့ကို ဖွဲနုဆီဖြင့် နှိပ်နယ်ပေးပါက ဆံပင်ကျွတ်ခြင်းမှ သက်သာစေကာ ဆံကေသာထူစေပါသည်။

ဖွဲနုဆီက အရေပြားထိန်းသိမ်းမှုအတွက် လွန်စွာအကျိုးပြုပါသည်။ ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်ပေးခြင်း၊ လေထုညစ်ညမ်းမှုကြောင့် အသားအရေညစ်ထေးခြင်းမှ ကာကွယ်ပေးခြင်းအဖြစ် ဖွဲနုဆီက အသုံးဝင်ပါသည်။ နေလောင်ကာ ခရင်မ်အဖြစ် အိမ်ပြင်မထွက်ခင် ဖွဲနုဆီကို ခန္ဓာကိုယ်အနှံ့ လိမ်းနိုင်ပါသည်။

ဖွဲနုဆီကို မိတ်ကပ်ဖျက်ဆေးအနေနဲ့လည်း သုံးနိုင်ပါသည်။ ရလဒ်အနေဖြင့် အသားအရေ ပိုမိုနူးညံ့ပျော့ပျောင်းစေပါသည်။

အရေပြားပေါ်တွင် ပုံမှန်လိမ်းပေးခြင်းဖြင့် သွေးလည်ပတ်မှုကို အားကောင်းစေကာ အသားအရေကို ကြည်လင်စေပြီး မျက်ရည်အိတ်ဖောင်းခြင်းနှင့် မျက်နှာပေါ်က အမည်းစက်ပြောက်များကိုပင် ကာကွယ်ပေးပါသည်။ ကော်လဂျင်ထုတ်လုပ်မှုကို မြှင့်တင်ပေးပြီး ချွေးပေါက်များ ကျဉ်းစေသည်။ အရေးအကြောင်းများကို လျော့ပါးသက်သာစေပါသည်။

ဖွဲနုဆီက ကနဦးအဆင့် ဆံပင်ဖြူခြင်းကို ကာကွယ်ပေးပါသည်

ဖွဲနုဆီဖြင့် အရေပြားပေါ်တွင် နှိပ်နယ်ပေးခြင်းက ရောင်ရမ်းနေသော(သို့မဟုတ်)ဒဏ်ရာရှိသော အသားအရေကို သက်သာစေနိုင်သည်။ ထို့ပြင် နှင်းခူနှင့် အရေပြားရောင်ရမ်းခြင်းကဲ့သို့သော အရေပြားအခြေအနေများကို သက်သာစေသည်။

ဖွဲနုဆီထဲတွင် ဂမ်မာ-အော်ရီဇန်နောနှင့် ဗီတာမင်အီး ပမာဏများသောကြောင့် နှုတ်ခမ်းကို အစိုဓာတ်ထိန်းပေးခြင်း၊ လက်သည်းဆိုးဆေးများ၏ ပျံ့နှံ့မှုကိုလည်း ထိန်းညှိရာမှာ အထောက်အကူပြုပါသည်။ အရေပြားခရင်မ်၊ ဆပ်ပြာများ၊ နေကာခရင်မ်များနှင့် နှုတ်ခမ်းနီများပြုလုပ်ရာမှာ ဖွဲနုဆီကို ထည့်သွင်းဖော်စပ်ကြကြောင်း လေ့လာသိရပါသည်။

**(သတိပြုရန်)**

ဖွဲနုဆီသည် ဘေးကင်းသော ထုတ်ကုန်တစ်ခုဖြစ်ပြီး လူတိုင်းစားသုံးနိုင်ပါသည်။ သို့သော် အချို့လူများက ၄င်းကိုစားသုံးပြီးနောက် ဓာတ်မတည့်မှုများနှင့် သီးခြားတုံ့ပြန်မှုများ ခံစားရတတ်သည်။ မွေးရာပါ ဖွဲနုနှင့်ဓာတ်မတည့်သူများတွင် ဖွဲနုမှာပါသော အမျှင်ဓာတ်က အစာခြေလမ်းကြောင်းကို ပိတ်ဆို့စေပြီး မအီမသာဖြစ်စေတတ်သည်။ ဖွဲနုဆီ လွန်ကဲစွာ စားသုံးခြင်းက ပိုလျှံသော ဖက်တီးအက်ဆစ်များ ဖြစ်ပေါ်စေနိုင်၍ ရလဒ်အနေဖြင့် ကိုယ်အလေးချိန်တိုးလာနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် လောကသဘာဝအရ အကောင်း၊ အဆိုးဒွန်တွဲလျက်ရှိနေသော်လည်း ဖွဲနုဆီက ကျန်းမာရေးအတွက် ကောင်းကျိုးပြုရာ၌ အားသာချက် အလွန်များပါသည်။ ခန္ဓာကိုယ်အတွက် သင့်လျော်သည့် အကောင်းဆုံးဆီ ရွေးချယ်ခြင်းကလည်း မိမိတို့ကျန်းမာရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ထို့ကြောင့် အားသာချက်များသော ဖွဲနုဆီကို ဦးစားပေးရွေးချယ်နိုင်ကြပါစေကြောင်း အကြံပြုလိုက်ရပါသည်။

စေတနာများစွာ

တင်ထက်ထက်ဇော်

# ပြည်ပနိုင်ငံသို့ ပုစွန် မက်ထရစ်တန်ချိန် ၂၆၀၀ ကျော် တင်ပို့ထား



ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၃၁ရက်အထိ ငါးလတာကာလအတွင်း ပြည်ပသို့ ပုစွန် မက်ထရစ်တန်ချိန် ၂၆၀၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန် ဒေါ်လာ ၉ ဒသမ ၅၈၁ သန်းရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက သိရသည်။

ဘဏ္ဍာနှစ် အစောပိုင်း ငါးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုကနေ ပုစွန်မက်ထရစ်တန်ချိန် ၂၁၄၁ ဒသမ ၃၈၇ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၅၅ သန်းရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၄၆၄ ဒသမ ၅၄ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၂၆ သန်းရရှိခဲ့သည်။

ပြည်ပနိုင်ငံပေါင်း ၄၀ကျော်ကို ပြည်တွင်းက ထွက်ရှိသည့် ငါး၊ ပုစွန် စသည့် ရေထွက်ကုန်တွေကို တင်ပို့နေတာဖြစ်ပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့နေသည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့နေကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) ရွှေမန်း**



# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အခြေခံပညာအထက်တန်းကျောင်း(မြို့မ) စုပေါင်းခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင် ပညာရေးမှူး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ငွေအောင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရာတွင် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများ၊ ကျင်းပမည့်နေရာရွေးချယ်ခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပနိုင်ရေးတို့အား ကျောက်ပန်းတောင်းမြို့နယ်ပညာရေးမှူး၊ ညောင်ဦးမြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်

**သရက် အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး၊သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့ စစ်ဆေးပေးလျက်ရှိပြီး စက်တင်ဘာ ၂၅ရက် နံနက် ၉နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ဇော်ထက်(သရက်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**အမရပူရ အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် ခရိုင်ရဲတပ်ဖွဲ့မှူး (ယာယီ)ဒုတိယရဲမှူးကြီး ကျော်သာဦး ဦးဆောင်သော ရဲအရာရှိ ၁၅ဦးနှင့် တပ်ဖွဲ့ဝင် ၄၀ဦးသည် အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးကို အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဝင်းအတွင်း ယမန်နေ့ နံနက် ၇ နာရီက ချုံနွယ်များ၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ အမှိုက်များလှည်းကျင်းခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၈၄)

# ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရွှေကြာငုံပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ရေနံချောင်း အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရေနံချောင်းမြို့ ရွှေကြာငုံရပ်ကွက် ရွှေကြာငုံပတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

အဆိုပါ ရွှေကြာငုံရပ်၊ ရွှေကြာငုံပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်းကို လမ်းအရှည် ၂၈၄၀ပေ လမ်းအကျယ် ၁၄ ပေ၊ ထု ရှစ်လက်မနှင့် တစ်ပိုင်းခင်းခြင်းနှင့် လမ်းအရှည် ၁၃၈ ပေ၊ လမ်းအကျယ် ၂၇ ပေ၊ ထု ရှစ်လက်မ တစ်ပိုင်း၊ အဆိုပါ လမ်းကို နှစ်ပိုင်း(နှစ်ဖြတ်)ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ရွှေကြာငုံပတ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးပါက ချောက်၊ မကွေး၊ မန္တလေး၊ ပြည်မြို့များသို့ ပြေးဆွဲသော ခရီးသည်တင် မော်တော်ကားများအပြင် နေ့စဉ်သွားလာနေသော မြို့တွင်း၌ရှိသော သုံးဘီး၊ ဆိုင်ကယ်များ သွားလာရေး ယခင်ကထက် ပိုမိုအဆင်ပြေသွားမည်ဖြစ်ကြောင်း မြို့ခံတစ်ဦးထံက သိရသည်။

**(အောက်ပုံ)**

(၄၇၂)





# ရေနစ်မြုပ်ခဲ့သည့် ကျေးရွာများတွင် ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိ

**လယ်ဝေး အောက်တိုဘာ ၁**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းဘေး ဝဲ၊ ယာရှိ ကျေးရွာအချို့ ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်သည့်ကျေးရွာများတွင် ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်၍ ပြည်သူများ ပြန်လည်နေထိုင်ရန်အတွက် ဌာနဆိုင်ရာများက ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှု၊ လယ်ဝေးမြို့ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနန္ဒာကျော် ကြီးကြပ်မှုဖြင့် ကျန်းမာရေးမှူး ငါးဦးပါ အဖွဲ့ခုနစ်ဖွဲ့က Bleaching powder ဖြင့် ရေတွင်းများ Chlorination ပြုလုပ်ခြင်း၊ ရေကန်များအား ကလိုရင်းဆေးခပ်ပေးခြင်း၊ သောက်ရေများကို ရေသန့်ဆေးပြားခပ်ခြင်း၊ အိမ်သာများ ကြည့်ရှုစစ်ဆေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းများကို လေးကသိန်း၊ ရေလဲပေါက်၊ အောင်သုခ၊ သစ်ကိုးပင်နှင့် အောင်ချမ်းသာကျေးရွာများတွင် ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ကျေးရွာပေါင်း ၃၀တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

# အမြို့မြို့အနယ်နယ်တွင် သန်းခေါင်စာရင်း စတင်ကောက်ယူ

**မိုင်းယောင်း အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အထူးကောက်ယူခြင်းကို ခရိုင်/မြို့နယ် သန်းခေါင်စာရင်းကော်မတီတို့၏ ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၃၀ ရက်က ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၉)ရပ်ကွက်ရှိ မြို့မရဲစခန်း၌လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံ၌လည်းကောင်း၊အမှတ်(၈)ရပ်ကွက်ရှိ ရှုံနှစ်ရက်တည်းခိုခန်း၌လည်းကောင်း၊ ကောက်ကွက်အလိုက် သက်ဆိုင်ရာစာရင်းစစ်၊ စာရင်းကောက်များက ကွင်းဆင်းကောက်ယူဆောင်ရွက်ခဲ့ကြသည်။

အဆိုပါကွင်းဆင်းကောက်ယူဆောင်ရွက်နေမှုကို ခရိုင်/မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၅၀၅)





**တံတားဦး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် တံတားဦးမြို့နယ်တွင် ခရိုင်/မြို့နယ်၏ ၂၀၂၄-ခုနှစ် လူဦးရေနှင့်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးကြီးကြပ်မှုဖြင့် တံတားဦးမြို့နယ်တွင် ယနေ့ နံနက် ၇ နာရီက စာရင်းစစ်၊ စာရင်းကောက်သင်တန်းသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများက မြေပြင်တွင် လက်တွေ့ကွင်းဆင်း ကောက်ယူနေကြသည်။

ထိုသို့ကွင်းဆင်းကောက်ယူရာတွင် တံတားဦးခရိုင် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်နှင့်ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းသားများက Mobile Tablet အများအသုံးပြု၍ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်း မြေပြင်၌ လက်တွေ့ကွင်းဆင်း ကောက်ယူကြသည်။

တံတားဦးမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအဖြစ် မြို့ပေါ်ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၇ အုပ်စုတို့ကို ၂၀၂၄ ခုနှစ် ယနေ့မှ အောက်တိုဘာ ၁၅ ရက်အထိ ကောက်ကွက်ပေါင်း ၁၈၄ ခုအား နံနက် ၇ နာရီမှ ညနေ ၆ နာရီထိ ကွင်းဆင်းကောက်ယူသွားဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အပေါ်ပုံ)

(၄၀၉)

*-*-*-*-*

*-*-*-*-*-*

**ကျောက်ဆည် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ဦးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီက ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက်၊ စုကြီးရပ်ကွက်၊ ရဲစုရပ်ကွက်များတွင် သန်းခေါင်စာရင်းကောက်ယူနေမှုများ ကြည့်ရှုအားပေးစစ်ဆေးခဲ့သည်။

ကျောက်ဆည်မြို့နယ်တွင် ရပ်ကွက်အုပ်စု ၁၀ အုပ်စု၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ စုစုပေါင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၇ အုပ်စုရှိပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို ယနေ့မှ အောက်တိုဘာ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများချမှတ်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များရနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်အဖြစ် အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ခိုင်လုံသောအခြေခံစာရင်းအင်းကိန်းဂဏန်းများ ရရှိစေခြင်း၊ နောင်လာမည့်နှစ်များအတွက် စီမံကိန်းများရေးဆွဲရာတွင် ပိုမိုတိကျမှုရှိစေရန် ခိုင်လုံသော ခန့်မှန်းလူဦးရေများတွက်ချက်ပေးနိုင်ခြင်း၊ မြို့ပြနှင့် ကျေးလက်နေထိုင်သည့်လူဦးရေစာရင်းများ သိရှိနိုင်ခြင်း၊ လူဦးရေသိပ်သည်းမှု၊ ပျံ့နှံ့နေမှုအခြေအနေများသိရှိနိုင်ခြင်း၊ စာတတ်မြောက်မှု၊ တွက်ချက်မှု၊ ပညာသင်ကြားမှုများ၊ ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်းများသိရှိနိုင်မှုစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)

*-*-*-*-*

*-*-*-*-*-*

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်များက ယနေ့ နံနက်ပိုင်းမှစတင်၍ ရပ်ကွက်များသို့ ကွင်းဆင်း၍ စတင်ကောက်ယူလျက်ရှိသည်။



ကွင်းဆင်းကောက်ယူရာတွင် သန်းခေါင်စာရင်းကောက်ကွက်များမှ လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာရရှိနိုင်ရေးအတွက် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်အကြောင်းအရာအချက်အလက်များ ပါဝင်သည့် အချက်အလက် ၆၈ ချက်ကို မေးမြန်းကောက်ယူလျက်ရှိရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်နှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

မဟာအောင်မြေမြို့နယ်အတွင်း ရပ်ကွက် ၁၈ ရပ်ကွက်ရှိ ကောက်ကွက်ပေါင်း ၃၇၇ ကွက်၌ စာရင်းစစ် ၃၃ ဦး၊ စာရင်းကောက် ၁၂၃ ဦးက ယနေ့မှ ၁၅ရက်အထိ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် စနစ်တကျကောက်ယူလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၀၅၆)

**ကံမ အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်နှင့် ကညင်တိုင်းကျေးရွာအုပ်စုတို့၌ စာရင်းကောက်၊စာရင်းစစ်အဖွဲ့များက ယနေ့ နံနက်ပိုင်းမှစတင်၍ ကောက်ယူခဲ့ကြသည်။

ထိုသို့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် ကံမမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၂ အုပ်စုတို့၌ ယနေ့မှစ၍ အောက်တိုဘာ ၁၅ ရက်အထိ ကောက်ကွက်ပေါင်း ၂၂၅ ကွက်အား စာရင်းကောက်၊ စာရင်းစစ် ၈၅ဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

(အောက်ပုံ)

အာကာ(ပြန်/ဆက်)





# နိုင်ငံတစ်ဝန်း လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း စတင်ကောက်ယူ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မိသားစုအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁

ယနေ့မှစတင်၍ နိုင်ငံတစ်ဝန်း၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁၅ ရက်အထိ ၁၅ ရက်ကြာ ကောက်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

**စာရင်းကောက်ယူ**

ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မိသားစု လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဦးဆောင်သည့် သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ တပ်မတော် ဧည့်ရိပ်သာသို့ လာရောက်၍ စာရင်းကောက်ယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ သန်းခေါင်စာရင်းမေးခွန်းများကို ပြည့်ပြည့်စုံစုံ ဖြေကြားစဉ်။

သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့က သန်းခေါင်စာရင်း မေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ပြည့်ပြည့်စုံစုံ ဖြေကြားခဲ့သည်။

အလားတူ သန်းခေါင်စာရင်း ကောက်ယူရေး အဖွဲ့သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၏ မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း တို့ကိုလည်း ၎င်းတို့၏ နေအိမ်များသို့ သွားရောက်၍ စာရင်းကောက်ယူခဲ့ကြသည်။

**၁၀ နှစ်လျှင် တစ်ကြိမ်**

နိုင်ငံတစ်နိုင်ငံသည် သန်းခေါင်စာရင်း ကောက်ယူခြင်းမှရရှိသော လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ အပေါ် အခြေခံ၍ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်လျှင် တစ်ကြိမ် ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းမှ ရရှိသော အချက်အလက် များသည် နိုင်ငံတော်အစိုးရ အပါအဝင် ဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးနှင့် သက်ဆိုင်ပြီး လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ကိစ္စရပ်များ၏ ဘက်စုံ၊ ကဏ္ဍစုံ အတွက် မဖြစ်မနေအခြေခံအသုံးပြုရသည့် အချက်အလက်များ ဖြစ်သည်။ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိက ကောက်ယူ အကောင်အထည် ဖော်ဆောင်ရွက်နေပြီး ပြည်သူအားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည်နှင့် အညီ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့်

စာမျက်နှာ ၆ သို့ ✽

☆ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် နိုင်ငံတော်အစိုးရအပါအဝင် ဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်ခြင်း မဟုတ်ဘဲ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးနှင့် သက်ဆိုင်ပြီး လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကိစ္စရပ်များ၏ ဘက်စုံ၊ ကဏ္ဍစုံ အတွက် မဖြစ်မနေအခြေခံအသုံးပြုရသည့် အချက်အလက်များဖြစ်

☆ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိကကောက်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အားလုံးက ဝိုင်းဝန်း ကူညီဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့်လုပ်ငန်းတစ်ခုဖြစ်

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပေးနှိုးဆော်

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း"ကရတ်သွန်"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညနေမှ အောက်တိုဘာ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် ဘာဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဧလ

၀-၀-၀-၀-၀




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ WRF မော်ဒယ်လ်၏ အောက်တိုဘာ ၁ ရက် နံနက် ၆ နာရီခွဲကို အခြေခံတွက်ထုတ်ထားသည့် အောက်တိုဘာ ၂ ရက်မှ ၅ ရက်အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။